# Dawei Watch သတင်းသမားနှစ်ဦး
# နှစ်ရှည်ထောင်ဒဏ် ချမှတ်ခံရမှု ထုတ်ပြန်ချက်

ရက်စွဲ - ဩဂုတ် ၂၇၊ ၂၀၂၄

Dawei Watch မီဒီယာ၏ တနင်္သာရီတိုင်း၊ မြိတ်မြို့အခြေစိုက် သတင်းသမား နှစ်ဦးဖြစ်သော ကိုမျိုးမြင့်ဦးနှင့် ကိုအောင်ဆန်းဦးတို့ကို စစ်ကောင်စီက ၂၀၂၃ ခုနှစ် ဒီဇင်ဘာလ ၁၁ ရက်ညသန်းခေါင်အချိန်တွင် ဖမ်းဆီးခဲ့သည်။

ယင်းသို့ဖမ်းဆီးပြီးနောက် စစ်ကောင်စီ၏ စစ်ခုံရုံးဖြင့် တိတ်တဆိတ် တရားစီရင်ပြီး ကိုမျိုးမြင့်ဦးကို ထောင်ဒဏ်တစ်သက်တစ်ကျွန်းနှင့် ကိုအောင်ဆန်းဦးကို ထောင်ဒဏ် နှစ် ၂၀ အထိ အသီးသီး ချမှတ်လိုက်သည်။

မြိတ်မြို့နယ်မှာ စစ်အုပ်ချုပ်ရေး ကြေညာထားသည့် မြို့နယ်မဟုတ်သဖြင့် သတင်းသမားများကို ဥပဒေနှင့်အညီ ခုခံကာကွယ်ခွင့် ပေးရမည်ဖြစ်သော်လည်း တရားရုံးတွင် စစ်ဆေးခြင်းမရှိဘဲ မြိတ်ထောင်ရှိစစ်ခုံရုံးက ဥပဒေမဲ့ ထောင်ဒဏ်ချမှတ်ခဲ့ခြင်းဖြစ်သည်။

ထောင်ဒဏ်ချမှတ်ရသည့် အကြောင်းအရင်းနှင့် ပုဒ်မအသေးစိတ်များကိုလည်း ထုတ်ပြန်ပြောဆိုခြင်း မရှိသလို မည်သို့သော လုပ်ငန်းစဉ်ဖြင့် တရားစီရင်ခဲ့သည်ကိုလည်း မေးမြန်းခွင့်မရပေ။

စစ်ကောင်စီက သတင်းသမားများကို ဥပဒေမဲ့ဖမ်းဆီးချုပ်နှောင် စစ်ဆေးခြင်း၊ ဥပဒေနှင့် အညီ ခုခံကာကွယ်ချေပခွင့် မပေးဘဲ ထင်သလို ပြစ်ဒဏ်ချမှတ် အရေးယူခြင်း တို့ကို Dawei Watch မီဒီယာအနေဖြင့် ပြင်းထန်စွာ ကန့်ကွက်သည်။ သတင်းသမားနှစ်ဦးကို အမြန်ဆုံး ပြန်လွှတ်ပေးရန်လည်း တောင်းဆိုလိုက်သည်။

## ဖြစ်စဉ်အနှစ်ချုပ်

- ၂၀၂၃ ခုနှစ် ဒီဇင်ဘာလ ၁၁ ရက်ညတွင် နေအိမ်အသီးသီးတွင် အင်အားအလုံးအရင်းဖြင့် ဝင်ရောက်ဖမ်းဆီး၊
- လာရောက်ဖမ်းဆီးစဉ်တွင် သတင်းရေးသားမှုကြောင့် ဖမ်းဆီးကြောင်း ပြောဆိုခဲ့သလို လက်ပ်တော့ နှင့်ဖုန်းများကိုလည်း သိမ်းဆည်းသွား၊
- စစ်ကြောရေးသို့ပို့ဆောင်ကာ လေးရက်ခန့် ရိုက်နှက်စစ်ဆေးခဲ့ပြီး မြိတ်အကျဉ်းထောင်သို့ ပို့ဆောင်ခဲ့၊
- အကြမ်းဖက်မှု တိုက်ဖျက်ရေး ဥပဒေပုဒ်မများဖြင့် မတရားအမှုဆင် စွဲဆိုခဲ့၊
- ၂၀၂၄ ခုနှစ် (ခန့်မှန်း) ဖေဖော်ဝါရီလ ၁၆ ရက်နေ့တွင် ကိုအောင်ဆန်းဦးကို ထောင်ဒဏ်နှစ် ၂၀ ချ၊
- ၂၀၂၄ ခုနှစ် (ခန့်မှန်း) မေလ ၁၅ ရက်နေ့တွင် ကိုမျိုးမြင့်ဦးကို ထောင်ဒဏ်တစ်သက်တစ်ကျွန်းချ၊
- ယင်းသို့အမွှအမှုဆင်ထောင်ချမှုအပေါ်မေးမြန်းခွင့်မပေးသလိုတရားဝင်ဖြေရှင်းပြောဆိုခြင်းမရှိ။